# ရေလုပ်သားဆိုင်ရာဘဝသရုပ်ဖော်ဝတ္ထုတိုများ
# လေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


အေမိဝင်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ

## ကျမ်းအကျဉ်းချုပ်

ကျမ်းအမည်မှာ ‘ရေလုပ်သားဆိုင်ရာဘဝသရုပ်ဖော်ဝတ္ထုတိုများ လေ့လာချက်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ တိုင်းပြည်၏ဝင်ငွေကို တစ်ဖက်တစ်လမ်းမှရှာဖွေပံ့ပိုးပေးနေသော ရေလုပ်သားတို့၏ဘဝအခြေအနေနှင့် ယင်းတို့၏ဘဝသရုပ်ကို ရသမြောက်အောင် ဖော်ကျူးသောစာရေးသူတို့၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာများကို ဖော်ပြလိုခြင်းဖြစ်ပါသည်။ ဇာတ်နိပါတ်ပုံပြင်များ၊ မြန်မာ့ရိုးရာပုံပြင်များမှ အစပြုလာသော မြန်မာဝတ္ထုတို၏ အခြေအနေ၊ ခေတ်စနစ်နှင့် စာပေအယူအဆများ ပြောင်းလဲလာကာ ဘဝသရုပ်ဖော်ဝတ္ထုတိုများ ပေါ်ပေါက် လာခြင်း၊ စာပေသည် ပြည်သူအတွက်ဖြစ်ရမည်ဟူသော စာပေအယူအဆကြောင့် လူထုလူတန်းစားကို အခြေပြုသော ဘဝသရုပ်ဖော်ဝတ္ထုတိုများ ပေါ်ပေါက်လာခြင်းတို့ကို လေ့လာတင်ပြထားပါသည်။ ထိုမှတစ်ဆင့် ရေလုပ်သားတို့၏ဘဝသရုပ်ကို ဖော်ကျူးရေးဖွဲ့ထားသော ရေလုပ်သားဘဝသရုပ်ဖော် ဝတ္ထုတိုများပေါ်ပေါက်လာပုံ၊ ယင်းဝတ္ထုတိုများမှ မြစ်ချောင်းအင်းအိုင်ကို အခြေပြုသော ရေလုပ်သားဘဝ သရုပ်ဖော်ဝတ္ထုတိုများနှင့် ပင်လယ်ကမ်းရိုးတန်းကိုအခြေပြုသော ရေလုပ်သားဘဝသရုပ်ဖော်ဝတ္ထုတိုများဟူ၍ နှစ်ပိုင်းခွဲလေ့လာတင်ပြထားပါသည်။ ယင်းဝတ္ထုတိုများကို ဝတ္ထုတိုဖန်တီးမှုအတတ်ပညာရှုထောင့်မှ လေ့လာပါသည်။ ရေလုပ်သားဘဝသရုပ်ဖော် စာရေးသူတို့၏ လူမှုဝန်းကျင်နယ်ပယ်သစ်နှင့် ပတ်သက်၍ တင်ပြထားသော သုတ၊ ရသများကို ဖော်ထုတ်တင်ပြထားပါသည်။ ထို့ပြင် ဘဝသရုပ်ဖော်ဝတ္ထုတိုစာပေ၏ သဘောသဘာဝကို သိမြင်နားလည်ပြီး ဘဝသရုပ်ဖော်ဝတ္ထုတိုများကို လေ့လာရာ၌ အကျိုးကျေးဇူးဖြစ်ထွန်းစေပါသည်။